# ကရင်အမျိုးသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၏
# ၁၀ကြိမ်မြောက် အစည်းအဝေး မှ သဘောထားထုတ်ပြန်ချက်

နေ့စွဲ ။ ။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့

ကရင်ပြည်နယ်၊ ဘားအံမြို့ ဖွဲကပင်ခန်းမတွင် ၂၀၁၃ ခုနှစ် မတ်လ(၂၉-၃၀)ရက်နေ့တို့၌ ကျင်းပပြုလုပ်ခဲ့သော ကရင်ရေးရာအစည်းအဝေးမှ ရွေးချယ်တင်မြှောက် လိုက်သည့် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေး ကော်မီတီသည် (၁၀)ကြိမ်မြောက်ကော်မီတီစုံညီအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၁၀၊ ၁၁)ရက်နေ့တို့တွင် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ တနင်္သာရီဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။ KUPC ကော်မတီဝင် အပါအဝင် လေ့လာသူများ စုစုပေါင်း (၇၈)ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် KUPC ၏ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကရင်အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်နေမှုဖြစ်စဉ်များ တို့ကို ပြန်လှန်သုံးသပ်ခဲ့ကြပြီး ကော်မတီဝင်ဦးရေများ ဖြည့်စွက်ခြင်း နှင့် တိုးချဲ့ခြင်း၊ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာနှင့်ပါတ်သက်သည့် အကောင်အထည်ဖော်ဆောင်မှု ဖြစ်စဉ်များ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီ KNDCC မှ ဆောင်ရွက်နေသော ကရင်အမျိုးသားတို့၏ နိုင်ငံရေးဆွေးနွေးပွဲများနှင့် နိုင်ငံရေးရလဒ်များ၊ ကရင်စာပေယဉ်ကျေးမှုကော်မတီများတို့မှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နေကြသော ကရင်အမျိုးသားစာပေယဉ်ကျေးမှုထုံးထမ်းဓလေ့ဆိုင်ရာ ကရင်ရေးရာ ကိစ္စရပ်များ နှင့်ပါတ်သက်၍ တိုးတက်ဖြစ်ထွန်းနေမှုများနှင့် အခက်အခဲစိန်ခေါ်ချက်များ၊ ကရင်အမျိုးသားညီလာခံတရပ် ကျင်းပပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် အောက်ပါ အစီအစဉ်များကို လုပ်ဆောင်သွားရန် သဘောထားအဖြစ်ထုတ်ပြန်ပါသည်။

၁။ မူလရည်မှန်းထားသည့်ကရင်တမျိုးသားလုံးညီလာခံကို၂၀၁၉ခုနှစ်အတွင်း ကျင်းပနိုင်ရေးအတွက် (KUSC,KUPC, KNDCC,UCKAG) တို့မှ ကြိုတင်ညှိနှိုင်းအစည်းအဝေးတရပ်ကို တွေ့ဆုံဆွေးနွေးညှိနှိုင်းသွားရန်ဆုံးဖြတ်ခဲ့သည်။

၂။ KUPC နှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးများ အပါအဝင် ကရင်လွှတ်တော်အမတ်များ တွေ့ဆုံဆွေးနွေးပွဲ တရပ်ကို ပြုလုပ်ကျင်းပသွားရန် သဘောတူဆုံးဖြတ်သည်။

၃။ ကရင်အမျိုးသားရေးဆိုင်ရာ လုပ်ငန်းများဖေါ်ဆောင်မှုအားကောင်းလာစေရန်အတွက် KUPC နှင့် ကရင် CBOs/ COSs အဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲတရပ်ကို ပြုလုပ်ကျင်းပသွားရန် သဘောတူဆုံးဖြတ်သည်။

၄။ ကရင်အမျိုးသားတို့၏ ဂုဏ်ဝိသေသလက္ခဏာများဖြစ်သော စာပေယဉ်ကျေးမှုထုံးထမ်းဓလေ့များကို ကာကွယ် ထိန်းသိမ်း မြှင့်တင်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းစနစ်တကျဖြစ်စေရေးအတွက် ကရင်စာပေယဉ်ကျေးမှု ဗဟိုကော်မတီတရပ်ကို ဖွဲ့စည်းသွားနိုင်ရန် ပြည်နယ်/တိုင်း ကရင်စာပေယဉ်ကျေးမှု ကော်မတီများ ပါဝင် သော အစည်းအဝေးကြီးတရပ်ကို ကျင်းပ ပြုလုပ်သွားရန် သဘောတူဆုံးဖြတ်သည်။

၅။ ယနေ့မျက်မှောက်ကာလတွင် ကရင်အမျိုးသားရေးအတွက် ကရင်လူမျိုးမဟုတ်သော အခြားလူမျိုးများသည် ကရင်လူမျိုးဟုအမည်ခံယူ ဆောင်ရွက်နေခြင်းသည် ကရင်လူမျိုး၏ အကျိုးစီးပွား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်နိုင်လိမ့်မည်ဟုမယုံကြည်ပါ။ သို့ပါ၍ ထိုလုပ်ရပ်မျိုးကို KUPC မှ ပြင်းထန်စွာ ကန့်ကွက်ထားမြဲပါသည်။

၆။ KNU-ကရင်အမျိုးသားအစည်းအရုံး၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာတရားဝင်ဆွေးနွေးပွဲများမှ ယာယီရပ်ဆိုင်းထား မှုကို နားလည်လက်ခံပြီး ဆက်လက်၍ တရားဝင်အစည်းအဝေးများသို့ ပြန်လည်ဝင်ရောက်ပါဝင်လာစေရေးအတွက် KUPC အတွင်းပါဝင်နေကြသော ကရင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်း ကဏ္ဍ မှ ထဲထဲ ဝင်ဝင် ပံ့ပိုးကူညီဆောင်ရွက်သွားရန်သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ကရင်အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ


ဆက်သွယ်ရန် (၁) ဆရာတော်အရှင်စန္ဒဝရ (၀၉ ၄၉၇ ၇၄၁၂၅)

(၂) ဆရာတော်စောမက်သယူးအေး (၀၉ ၄၃၀ ၅၅၂၂၉)

(၃) နော်စူဇန်နာလှလှစိုး (၀၉ ၇၈၃၇ ၁၅၁၈၃)

(၃) ပဒိုစောလှထွန်း (၀၉ ၂၇၂ ၇၃၂ ၈၆၂)